STATISTICAL BULLETIN

ပြည်သူ့လွှတ်တော်ရုံး
သုတေသနဌာန

ရက်စွဲ။ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လ ၂၁ ရက်

# COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ

ဤ Statistical Bulletin တွင် COVID-19 ရောဂါ စတင်ဖြစ်ပွားချိန် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလမှ ၁၅-၇-၂၀၂၀ ရက်နေ့အထိ COVID-19 ကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေများအား နိုင်ငံအလိုက်၊ ဒေသအလိုက် ဖော်ပြထားပါသည်။ မြန်မာနိုင်ငံ၏ COVID-19 ဖြစ်ပွားမှုအခြေအနေကို နေ့အလိုက်သော်လည်းကောင်း၊ အုပ်စုလိုက်ခွဲခြား၍သော်လည်းကောင်း ဖော်ပြထားပါသည်။ ဤ Statistical Bulletin မတိုင်မီ ၁၄-၆-၂၀၂၀ ရက်နေ့အထိ COVID-19 ကပ်ရောဂါဖြစ်ပွားမှုအခြေအနေများအား တတိယပိုင်းအထိ ထုတ်ဝေခဲ့ပြီး ဖြစ်ပါသည်။

ယခုစတုတ္ထအကြိမ် COVID-19 ရောဂါဖြစ်ပွားမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက် စာတမ်းတိုတွင် ကမ္ဘာ့အဖြစ်အများဆုံး၊ သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ၏ အတက်အကျ အပြောင်းအလဲ၊ ရောဂါပြန်လည်ဖြစ်ပွားလာမှုနှင့် ကင်းစင်လာသောနိုင်ငံများအခြေအနေ၊ မြန်မာနိုင်ငံနှင့် အိမ်နီးချင်း (၃) နိုင်ငံတို့၏ ရောဂါဖြစ်ပွားမှုအခြေအနေများအား တင်ပြထားပါသည်။

**Statistical Bulletin အမှတ်စဉ် - (၂၁)**

ဤစာတမ်းတိုနှင့်ပတ်သက်၍ သတိပြုရန်အချက်များအား နောက်ဆုံးစာမျက်နှာတွင် ဖော်ပြထားသည်။

# မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | နိဒါန်း | ၃ |
| ၂။ | ကမ္ဘာတစ်ဝန်းတွင် COVID–19 ရောဂါဖြစ်ပွားမှုအခြေအနေ | ၄ |
| ၃။ | ကမ္ဘာတစ်ဝန်းတွင် ရက်အလိုက် COVID–19 ရောဂါဖြစ်ပွား/ သေဆုံးမှုအခြေအနေ (၁၅–၆–၂၀၂၀ မှ ၁၅–၇–၂၀၂၀ ထိ) | ၅ |
| ၄။ | ကမ္ဘာတစ်ဝန်းတွင် COVID–19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ | ၆ |
| ၅။ | ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် တိုးတက်ဖြစ်ပွားမှုအခြေအနေ (၁၅–၆–၂၀၂၀ မှ ၁၅–၇–၂၀၂၀ ထိ) | ၈ |
| ၆။ | ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက်သေဆုံးမှုအရေအတွက် မြင့်မားနေမှုအခြေအနေ(၁၅–၆–၂၀၂၀ မှ ၁၅–၇–၂၀၂၀ ထိ) | ၉ |
| ၇။ | ကမ္ဘာ့ဒေသအလိုက် COVID–19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၁၄–၆–၂၀၂၀ ထိ) | ၁၀ |
| ၈။ | ကမ္ဘာတစ်ဝန်း COVID–19 ရောဂါကင်းစင်နိုင်ငံများမှ ပြန်လည်ဖြစ်ပွားသောနိုင်ငံများ (၁၅–၆–၂၀၂၀ မှ ၁၅–၇–၂၀၂၀ ထိ) | ၁၁ |
| ၉။ | ကမ္ဘာတစ်ဝန်း COVID–19 ရောဂါကင်းစင်နိုင်ငံများ(စတင်ဖြစ်ပွားချိန်မှ ၁၅–၇–၂၀၂၀ ထိ) | ၁၂ |
| ၁၀။ | အာဆီယံနိုင်ငံများတွင် COVID–19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၁၅–၇–၂၀၂၀ ထိ) | ၁၃ |
| ၁၁။ | အာဆီယံနိုင်ငံများအနက် COVID–19 ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် တိုးတက်ဖြစ်ပွားမှုအခြေအနေ(၁၅–၆–၂၀၂၀ မှ ၁၅–၇–၂၀၂၀ ထိ) | ၁၄ |
| ၁၂။ | အာဆီယံနိုင်ငံများအနက် သေဆုံးမှုအများဆုံး (၂) နိုင်ငံ၏နေ့အလိုက် သေဆုံးမှုအရေအတွက် မြင့်မားနေမှုအခြေအနေ (၁၅–၆–၂၀၂၀ မှ ၁၅–၇–၂၀၂၀ ထိ) | ၁၆ |
| ၁၃။ | မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံတို့၏ COVID–19 ဖြစ်ပွားမှု | ၁၇ |
| ၁၄။ | မြန်မာနိုင်ငံတွင် နေ့အလိုက် COVID–19 ဖြစ်ပွားမှု (၁၅–၆–၂၀၂၀ မှ ၁၅–၇–၂၀၂၀ ထိ) | ၁၈ |
| ၁၅။ | မြန်မာနိုင်ငံတွင်းအုပ်စုအလိုက်ကူးစက်မှုများ (၂၃–၃–၂၀၂၀ မှ ၁၅–၇–၂၀၂၀ ထိ) | ၁၉ |
| ၁၆။ | နိဂုံး | ၂၀ |

## နိဒါန်း

ကမ္ဘာနှင့်တစ်ဝန်း ကိုဗစ်-၁၉ ကူးစက်ခံရသူ ၁၀ သန်းကျော်နှင့် သေဆုံးသူ ၅ သိန်းကျော် ရောက်ရှိလာ၍ လာမည့်လများအတွင်း ကမ္ဘာ့နိုင်ငံများအားလုံး ကိုဗစ်-၁၉ နှင့်အသားကျသော နေထိုင်မှုပုံစံဖြင့် နေထိုင်ရနိုင်ကြောင်း၊ ကိုဗစ်-၁၉ ကို ဆန့်ကျင်တိုက်ဖျက်ရာတွင် နိုင်ငံအများစု အနေဖြင့် တိုးတက်မှုများရှိသော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှုသည် ကမ္ဘာလုံးအတိုင်း အတာတွင် အရှိန်အဟုန်ဖြင့် ကူးစက်ပျံ့နှံ့လျက်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အကြီးအကဲ တက်ဒရော့စ်အက်ဒါနွမ်ဂီဘရီယက်စ်ဆုစ်က ပြောကြားခဲ့ပါသည်။ [1]


ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် တရုတ်နိုင်ငံအလယ်ပိုင်း ဝူဟန်မြို့တွင် အစပြုခဲ့သော ကိုရိုနာဗိုင်းရပ်ရောဂါဖြစ်ပွားမှုအား ၃၀-၁-၂၀၂၀ ရက်နေ့တွင် ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေ (Public Health Emergency Concern) အဖြစ်လည်းကောင်း၊ ၂၇-၂-၂၀၂၀ ရက်နေ့ တွင် ရောဂါကူးစက်ပျံ့နှံ့နိုင်မှုနှုန်းအား တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် အလွန်မြင့်မား ကြောင်း (Very High) အဖြစ်လည်းကောင်း၊ ၁၁-၃-၂၀၂၀ ရက်နေ့တွင် ကမ္ဘာ့ကပ်ရောဂါ (Pandemic) အဖြစ်လည်းကောင်း သတ်မှတ်ခဲ့ပါသည်။

မြန်မာနိုင်ငံတွင် ၂၃-၃-၂၀၂၀ ရက်နေ့မှစ၍ ဓာတ်ခွဲအတည်ပြုလူနာ (၂) ဦး စတင် တွေ့ရှိခဲ့ရာမှစ၍ ၁၅-၇-၂၀၂၀ ရက်နေ့ထိ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၃၃၇) ဦး၊ ပြန်လည် ကောင်းမွန်လာသူ (၂၆၆) ဦးနှင့် သေဆုံးသူ (၆) ဦးရှိကြောင်း တွေ့ရှိရပါသည်။

[1] အနာဂတ်တွင် ကိုဗစ်-၁၉နှင့်အသားကျသောနေထိုင်မှုပုံစံဖြင့်နေထိုင်ကြရမည်ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲပြော၊ စာမျက်နှာ-၁၂၊ ၁-၇-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။

## ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေ


ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၅-၇-၂၀၂၀ ရက်နေ့ထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေကို ဖော်ပြပါ Bar Chart ဖြင့် တင်ပြထားပါသည်-




Source: https://www.worldometers.info/coronavirus/

## ကမ္ဘာတစ်ဝန်းတွင် ရက်အလိုက် COVID-19 ရောဂါဖြစ်ပွား/ သေဆုံးမှုအခြေအနေ (၁၅-၆-၂၀၂၀ မှ ၁၅-၇-၂၀၂၀ ထိ)

ကမ္ဘာတစ်ဝန်းတွင် ရက်အလိုက် COVID-19 ရောဂါဖြစ်ပွား/ သေဆုံးမှုအခြေအနေကို Line Chart ဖြင့်တင်ပြထားပါသည်-





Source: Ministry of Health and Sports (Myanmar)

၁၅-၆-၂၀၂၀ ရက်နေ့မှ ၁၅-၇-၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုမှာ ရက်အလိုက် မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

## ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ

ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ၏ အခြေအနေကို Bar Chart ဖြင့်တင်ပြထားပါသည်-

ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါ ဖြစ်ပွား/ သေဆုံးမှုအများဆုံး (၁၀) နိုင်ငံ




Source: World Health Organization, Coronavirus disease 2019 Situation Report- 177

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၅-၇-၂၀၂၀ ရက်နေ့ထိ ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအများဆုံး (၁၀) နိုင်ငံအနက် အမေရိကန်နိုင်ငံသည် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်ပြီး ကိုရိုနာဗိုင်းရပ်စ်ရောဂါ အဆိုးရွားဆုံးခံစားနေရသည့်နိုင်ငံ တစ်နိုင်ငံ ဖြစ်သည်ကိုတွေ့ရှိရပါသည်။

အမေရိကန်နိုင်ငံသည် ကန့်သတ်ပိတ်ဆို့မှုများ ဖြေလျှော့ပေးလိုက်ပြီးနောက်ပိုင်း ပြည်နယ် အတော်များများတွင် COVID-19 ရောဂါကူးစက်မှု ပြန်လည်မြင့်တက်လာခဲ့ပါသည်။ COVID-19 သည် အမေရိကန်ပြည်ထောင်စုတွင် ဆက်လက်ပျံ့နှံ့နေဆဲဖြစ်ပြီး ဖလော်ရီဒါတွင် လူပေါင်း ၂၅၀၀၀၀ ထက်မနည်း ကူးစက်ခံထားရပါသည်။ [2]

ယခင်အပတ်ထုတ်ဝေခဲ့သော COVID-19 ဆိုင်ရာ ကိန်းဂဏန်းအချက်အလက်စာတမ်းတို တွင် ရောဂါဖြစ်ပွားမှုအများဆုံး (၁၀) နိုင်ငံစာရင်းတွင် အီတလီနိုင်ငံ၊ ဂျာမနီနိုင်ငံနှင့် အီရန်နိုင်ငံတို့ ပါဝင်ပြီး ယခုစတုတ္ထအကြိမ်မြောက်ထုတ်ဝေသော စာတမ်းတိုတွင် ယင်း (၃) နိုင်ငံအစား ချီလီနိုင်ငံ၊

---

[2] အများပြည်သူများ၏ရှေ့တွင် ပထမဆုံးအကြိမ်အဖြစ်အမေရိကန်သမ္မတ ထရမ့်နှာခေါင်းစည်းဝတ်ဆင်၊ စာမျက်နှာ-၁၂၊ ၁၃-၇-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။

မက္ကဆီကိုနိုင်ငံနှင့် တောင်အာဖရိကနိုင်ငံတို့ ပါဝင်လာသည်ကို တွေ့ရှိရပါသည်။ ပီရူးနိုင်ငံသည် ကမ္ဘာ တစ်ဝန်းရောဂါဖြစ်ပွားမှုအဆင့် (၈) မှ ယခုလက်ရှိတွင် အဆင့် (၅) သို့မြင့်တက်လာခဲ့ပါသည်။

အိန္ဒိယနိုင်ငံသည် ယခင်အပတ်ထုတ်ဝေခဲ့သောစာတမ်းတိုတွင် ကမ္ဘာတစ်ဝန်းရောဂါ ဖြစ်ပွားမှု အဆင့် (၄) မှ ယခုလက်ရှိတွင် အဆင့် (၃) သို့မြင့်တက်လာခဲ့ပြီး နိုင်ငံတစ်ဝန်း နေ့စဉ် COVID-19 ရောဂါထပ်မံဖြစ်ပွားမှု စံချိတ်တင်မြင့်တက်ခဲ့ခြင်းကြောင့် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေရ ပါသည်။ ထို့ပြင် ဆေးဘက်ဆိုင်ရာပံ့ပိုးမှုများ မျှတခြင်းမရှိခဲ့သလို ရောဂါကူးစက်မှုအများစုသည် လည်း ရောဂါလက္ခဏာမပြဘဲ ကူးစက်ခံရခြင်းဖြစ်ပါသည်။[3]


လတ်တလော ကိုဗစ်-၁၉ ကူးစက်မှုဆက်လက်မြင့်တက်ရခြင်းမှာ ကိုဗစ်-၁၉ ရှိ/ မရှိ ဆေးစစ် ပေးနိုင်မှုနည်းပါးခြင်းနှင့် ရှေ့တန်းမှရင်ဆိုင်မည့်ဆေးဝန်ထမ်းအင်အား နည်းပါးခြင်းတို့ကြောင့် ဖြစ်သည်ဟု ဝေဖန်မှုများလည်း ထွက်ပေါ်နေပါသည်။ အိန္ဒိယနိုင်ငံ၏ အာဏာပိုင်များက စီးပွားရေး ထိခိုက်ခံစားရခြင်းများကို ပြန်လည်ကုစားရန် ကြိုးပမ်းဆောင်ရွက်ပြီးနောက် အသွားအလာ ကန့်သတ်စောင့်ကြည့်မှုများကို တစ်ဖန်ပြန်ပြီး လုပ်ဆောင်နေရပြီး ပြည်နယ်တစ်ခုနှင့်တစ်ခုကြား နယ်စပ်များကိုလည်း ကင်းလှည့်မှုများ တင်းတင်းကျပ်ကျပ်လုပ်ဆောင်နေပါသည်။ [4]

[3] ကိုဗစ်-၁၉ ကြောင့် ဆေးရုံတွေဝန်ပိနေသလို ကူးစက်မှုတွေပါ စံချိန်တင်ခဲ့၊ စာမျက်နှာ-၁၄၊ ၇-၇-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှရရှိပါသည်။
[4] ဘောလိဝုဒ်အသိုင်းအဝိုင်းအထိ ရိုက်ခတ်လာတဲ့ ကိုဗစ်-၁၉၊ စာမျက်နှာ-၁၄၊ ၁၄-၇-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။

## ကမ္ဘာတစ်ဝန်းတွင် ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် တိုးတက်ဖြစ်ပွားမှုအခြေအနေ (၁၅-၆-၂၀၂၀ မှ ၁၅-၇-၂၀၂၀ ထိ)

ရောဂါဖြစ်ပွားမှု အများဆုံး (၅) နိုင်ငံ၏ နေ့အလိုက် တိုးတက်ဖြစ်ပွားမှုအခြေအနေအား Line Chart ဖြင့် တင်ပြထားပါသည်-

**ကမ္ဘာတစ်ဝန်းတွင် COVID-19 ရောဂါ ဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက်တိုးတက်ဖြစ်ပွားမှုအခြေအနေ**





Source: Ministry of Health and Sports (Myanmar)

ဖော်ပြပါအချက်အလက်များအရ အမေရိကန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့၏ရောဂါဖြစ်ပွားမှုအခြေအနေမှာ သိသိသာသာ မြင့်တက်လျက်ရှိပြီး ကျန်နိုင်ငံများ၏ရောဂါဖြစ်ပွားမှုအခြေအနေမှာ ၅၀၀,၀၀၀ ဦးရေဝန်းကျင်တွင် ပုံမှန်အတိုင်း မြင့်တက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။

**ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက်သေဆုံးမှုအရေအတွက်မြင့်မားလာမှုအခြေအနေ (၁၅-၆-၂၀၂၀ မှ ၁၅-၇-၂၀၂၀ ထိ)**

COVID-19 ရောဂါကြောင့် သေဆုံးမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက်သေဆုံးမှုအရေအတွက်မြင့်မားလာမှုအခြေအနေအား Line Chart ဖြင့် တင်ပြထားပါသည်-

**ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက်သေဆုံးမှုအရေအတွက် မြင့်မားလာမှုအခြေအနေ**





Source: Ministry of Health and Sports (Myanmar)

ဖော်ပြပါ အချက်အလက်များအရ အမေရိကန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတွင် သေဆုံးမှုသည် နေ့အလိုက်မြင့်တက်ဆဲဖြစ်ပြီး ကျန်နိုင်ငံများတွင် သေဆုံးမှုသည် နေ့အလိုက် တဖြည်းဖြည်းမြင့်တက်လာသည်ကို တွေ့ရှိရပါသည်။

**ကမ္ဘာ့ဒေသအလိုက် COVID–19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၁၅–၇–၂၀၂၀ ထိ)**

ကမ္ဘာ့ဒေသအလိုက် COVID–19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို Bar Chart ဖြင့် တင်ပြထားပါသည်–

**ကမ္ဘာ့ဒေသအလိုက် COVID–19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ**




Source: World Health Organization, Coronavirus disease 2019 Situation Report– 177

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၅–၇–၂၀၂၀ ရက်နေ့ထိ ကမ္ဘာ့ဒေသအသီးသီး၏ COVID–19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေတွင် အမေရိကဒေသတွင် အမြင့်ဆုံးဖြစ်ပြီး အနောက်ပစိဖိတ်ဒေသတွင်အနိမ့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။

ယခင်တတိယအကြိမ်ထုတ်ဝေသောစာတမ်းတိုတွင် အာဖရိကဒေသတွင် ရောဂါဖြစ်ပွားမှုအနိမ့်ဆုံးမှ ယခုအခါတွင် မြင့်တက်လာခဲ့သည်ကို တွေ့ရှိရပါသည်။ အာဖရိကဒေသအနက် တောင်အာဖရိကဒေသတွင် ကိုဗစ်–၁၉ လျင်မြန်စွာပျံ့နှံ့နေမှုကို ထိန်းချုပ်နိုင်ရေးနှင့် သေဆုံးမှုနှုန်းများကို လျှော့ချနိုင်ရေးအတွက် တင်းကျပ်သည့်စည်းကမ်းများ ပြန်လည်စတင်မည်ဟု ဇူလိုင်လ ၁၂ ရက်နေ့တွင် တောင်အာဖရိကသမ္မတ ဆိုင်ရယ်ရမ်မာဖိုဆာက ပြောကြားခဲ့ပါသည်။ [5]

[5] တောင်အာဖရိကဒေသတွင် ကိုဗစ်–၁၉ ထိန်းချုပ်ရေးအတွက် တင်းကျပ်သည့်စည်းကမ်းများ ပြန်လည်သတ်မှတ်၊ စာမျက်နှာ–၁၄၊ ၁၄–၇–၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။

**ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်နိုင်ငံများမှ ပြန်လည်ဖြစ်ပွားသောနိုင်ငံများ (၁၅-၆-၂၀၂၀ မှ ၁၅-၇-၂၀၂၀ ထိ)**

**၁၅-၆-၂၀၂၀** မှ ၁၅-၇-၂၀၂၀ ကာလအထိ ကမ္ဘာတစ်ဝန်း COVID-19 ရောဂါကင်းစင်နိုင်ငံများအနက် ပြန်လည်ဖြစ်ပွားသောနိုင်ငံများ၏အခြေအနေကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | နိုင်ငံ | ရောဂါဖြစ်ပွားသူ | သေဆုံးသူ | ပြန်လည်ကောင်းမွန်သူ |
|---|---|---|---|---|
| ၁။ | နယူးဇီလန် | ၁၅၄၇ | ၂၂ | ၁၄၉၈ |
| ၂။ | မွန်တီနီဂရိုး | ၁၂၈၇ | ၂၄ | ၃၃၀ |
| ၃။ | ဂွါဒီလု | ၁၉၀ | ၁၄ | ၁၅၇ |
| ၄။ | အာရူးဗား | ၁၀၆ | ၃ | ၉၉ |
| ၅။ | ဆေးရှဲ | ၁၀၀ | - | ၁၁ |
| ၆။ | တခ်စ်နှင့်ကာအီကိုစ်ကျွန်းစု | ၇၂ | ၂ | ၁၂ |
| ၇။ | ပြင်သစ်ပိုလီနီးရှား | ၆၂ | - | ၆၀ |
| ၈။ | မကာအို | ၄၆ | - | ၄၅ |
| ၉။ | ဖီဂျီ | ၂၆ | - | ၁၈ |
| ၁၀။ | စိန့်ကစ်နှင့်နီဗီစ် | ၁၇ | - | ၁၅ |
| ၁၁။ | မွန်ဆာရတ် | ၁၂ | ၁ | ၁၀ |
| ၁၂။ | ပါပူဝါနယူးဂီနီ | ၁၁ | - | ၈ |
| ၁၃။ | အနောက်ရှာဟာရာ | ၁၀ | ၁ | ၈ |
| ၁၄။ | စိန့်ပယ်ရီနှင့်မီကွယ်လွန် | ၂ | - | ၁ [6] |

**ယခင်**တတိယအကြိမ်ထုတ်ဝေသော COVID-19 ရောဂါဖြစ်ပွားမှုဆိုင်ရာ ကိန်းဂဏန်းအချက်အလက်စာတမ်းတိုတွင် ရောဂါကင်းစင်နိုင်ငံ (၂၅) နိုင်ငံအနက် ယခုလက်ရှိတွင် အထက်ဖော်ပြပါ (၁၄) နိုင်ငံမှာ ရောဂါပြန်လည်ဖြစ်ပွားသည်ကို တွေ့ရှိရပါသည်။

[6] https://www.worldometers.info/coronavirus/ မှ ရရှိပါသည်။

**ကမ္ဘာတစ်ဝန်း COVID–19 ရောဂါကင်းစင်နိုင်ငံများ (စတင်ဖြစ်ပွားချိန်မှ ၁၅–၇–၂၀၂၀ ထိ)**

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၅–၇–၂၀၂၀ ရက်နေ့အထိ ကမ္ဘာတစ်ဝန်း COVID–19 ရောဂါကင်းစင်လာသည့်နိုင်ငံ (၁၇) နိုင်ငံ၏အခြေအနေကို အောက်ပါအတိုင်းဖော်ပြထားပါသည်–

| စဉ် | နိုင်ငံ | ရောဂါဖြစ်ပွားသူ | သေဆုံးသူ | ပြန်လည်ကောင်းမွန်သူ |
|---|---|---|---|---|
| ၁။ | မန်ကျွန်း | ၃၃၆ | ၂၄ | ၃၁၂ |
| ၂။ | ဖာရိုးကျွန်းများ | ၁၈၈ | – | ၁၈၈ |
| ၃။ | ဘရူနိုင်း | ၁၄၁ | ၃ | ၁၃၈ |
| ၄။ | စင့်မာတင် | ၇၈ | ၁၅ | ၆၃ |
| ၅။ | ကျူရေးကိုးစ် | ၂၅ | ၁ | ၂၄ |
| ၆။ | တီမော | ၂၄ | – | ၂၄ |
| ၇။ | ဂရီနေဒါ | ၂၃ | – | ၂၃ |
| ၈။ | နယူး ကယ်လီဒိုနီးယား | ၂၁ | – | ၂၁ |
| ၉။ | လာအို | ၁၉ | – | ၁၉ |
| ၁၀။ | ဒိုမီနီကာ | ၁၈ | – | ၁၈ |
| ၁၁။ | ဖော့ကလန်ကျွန်းစု | ၁၃ | – | ၁၃ |
| ၁၂။ | ဂရင်းလန်း | ၁၃ | – | ၁၃ |
| ၁၃။ | ဗာတီကန်စီးတီး | ၁၂ | – | ၁၂ |
| ၁၄။ | ဗြိတိသျှကျွန်းငယ်များ | ၈ | ၁ | ၇ |
| ၁၅။ | ကာရစ်ဘီယံနယ်သာလန် | ၇ | – | ၇ |
| ၁၆။ | စိန့်ဘာသယ်လ်မီ | ၆ | – | ၆ |
| ၁၇။ | အန်ဂွီလာ | ၃ | – | ၃ [7] |


၁၅–၆–၂၀၂၀ မှ ၁၅–၇–၂၀၂၀ ကာလအထိ ကမ္ဘာတစ်ဝန်းရောဂါကင်းစင်နိုင်ငံ (၁၇) နိုင်ငံရှိသည်ကိုတွေ့ရှိရပါသည်။ ယင်း (၁၇) နိုင်ငံတွင် ယခင်တတိယအကြိမ်ထုတ်ဝေသော စာတမ်းတို့မှ (၁၁) နိုင်ငံပါဝင်ပြီး (၆) နိုင်ငံမှာ ယခုအပတ်အတွင်း နောက်ထပ်အသစ်ကင်းစင်လာသောနိုင်ငံဖြစ်ပါသည်။ ယခုအပတ်အတွင်း ကင်းစင်စာရင်းဝင်သောနိုင်ငံ (၆) နိုင်ငံမှာ ဘရူနိုင်း၊ စင့်မာတင်၊ ကျူရေးကိုးစ်၊ ဂရီနေဒါ၊ နယူးကယ်လီဒိုနီးယားနှင့် ဒိုမီနီကာတို့ဖြစ်ပါသည်။

[7] https://www.worldometers.info/coronavirus/ မှ ရရှိပါသည်။

**အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေ (စတင်ဖြစ်ပွားချိန်မှ ၁၅-၇-၂၀၂၀ ထိ)**

အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို အောက်ပါ Bar Chart ဖြင့် ဖော်ပြထားပါသည်-

**အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုအခြေအနေ**





Source: World Health Organization, Coronavirus disease 2019 Situation Report– 177

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၅-၇-၂၀၂၀ ရက်နေ့ထိ အာဆီယံနိုင်ငံများတွင် COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှုအခြေအနေကို လေ့လာကြည့်ခြင်းအားဖြင့် အင်ဒိုနီးရှားနိုင်ငံသည် ရောဂါဖြစ်ပွားမှုနှင့် သေဆုံးမှုတွင် အမြင့်ဆုံးဖြစ်သည်ကို တွေ့ရှိရပါသည်။ ဗီယက်နမ်နိုင်ငံ၊ ကမ္ဘောဒီးယားနိုင်ငံနှင့်လာအိုနိုင်ငံတို့တွင် သေဆုံးမှုမရှိကြောင်းတွေ့ရှိရပြီး လာအိုနိုင်ငံနှင့် ဘရူနိုင်းနိုင်ငံတို့သည် အာဆီယံနိုင်ငံများအနက် ရောဂါကင်းစင်နေသောနိုင်ငံ (၂) နိုင်ငံဖြစ်သည်ကို တွေ့ရှိရပါသည်။

**အာဆီယံနိုင်ငံများအနက် COVID-19 ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် တိုးတက်ဖြစ်ပွားမှုအခြေအနေ(၁၅-၆-၂၀၂၀ မှ ၁၅-၇-၂၀၂၀ ထိ)**

အာဆီယံနိုင်ငံများအနက် COVID-19 ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် တိုးတက်ဖြစ်ပွားမှုအခြေအနေကို Line Chart ဖြင့် တင်ပြထားပါသည်-

**အာဆီယံနိုင်ငံများအနက်ရောဂါဖြစ်ပွားမှုအများဆုံး (၅) နိုင်ငံ၏နေ့အလိုက် တိုးတက်ဖြစ်ပွားနေမှုအခြေအနေ**




Source: Ministry of Health and Sports (Myanmar)

ဖော်ပြပါ အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့တွင် ရောဂါဖြစ်ပွားမှုအခြေအနေသည် သိသိသာသာမြင့်တက်လျက်ရှိသည်ကိုတွေ့ရှိရပြီး ကျန်နိုင်ငံ၏ရောဂါဖြစ်ပွားမှုအခြေအနေမှာ ပြောင်းလဲမှုအနည်းငယ်သာရှိဖြစ်ကြောင်း တွေ့ရှိရပါသည်။

အင်ဒိုနီးရှားနိုင်ငံ၏ ပြည်နယ် (၅) ခုဖြစ်သည့် ဂျကာတာ၊ အနောက်ဂျာဗား၊ အလယ်ဂျာဗား၊ အရှေ့ဂျာဗားနှင့် ဆူလာဝေစီတောင်ပိုင်းတို့တွင် ဇူလိုင်လ ၆ ရက်နေ့၌ ကိုရိုနာဗိုင်းရပ်စ်ရောဂါ ကူးစက်ဖြစ်ပွားသူအရေအတွက် စံချိန်တင်မြင့်တက်လာခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့ပါသည်။ သို့သော် နိုင်ငံအတွင်းရှိ ပြည်နယ် ၁၁ ခုတို့တွင် ရောဂါထပ်မံကူးစက်ခံရသူ မတွေ့ရှိရပါ။ နိုင်ငံတစ်ဝန်း၌ COVID-19 ရောဂါကူးစက်မှုကို ထိန်းချုပ်နိုင်စေရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဆိုင်ရာလမ်းညွှန်ချက်များကို လိုက်နာကြရန် ကျန်းမာရေးဝန်ကြီးဌာနအာဏာပိုင် အက်ကမက်ယူရိယန်တိုက တိုက်တွန်းထားပါသည်။ [8]

ဖိလစ်ပိုင်နိုင်ငံတွင် COVID-19 ရောဂါကူးစက်ခံရမှုများ ပြန်လည်မြင့်တက်လာသည့်အတွက် မနီလာမြို့ရှိ လူပေါင်း ၂၅၀၀၀၀၀ သည် အသွားအလာပိတ်ဆို့မှုများအောက်တွင် ပြန်လည်နေထိုင်ရမည်ဟု အာဏာပိုင်များက ဇူလိုင်လ ၁၃ ရက်နေ့တွင် ပြောကြားခဲ့ပါသည်။ လွန်ခဲ့သည့် (၂) ပတ်တာအတွင်း ကူးစက်မှုမြင့်တက်ခဲ့ခြင်းကြောင့် အသွားအလာပိတ်ဆို့ကန့်သတ်မှုများ ပြုလုပ်လိုက်ရခြင်းဖြစ်ကြောင်း နာဗိုတက်စ် မြို့တော်ဝန်တိုဘိုင်တီအန်ကိုက ပြောကြားခဲ့ပါသည်။ [9]


[8] အင်ဒိုနီးရှားနှင့်ဖိလစ်ပိုင်နိုင်ငံတို့တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဆက်လက်မြင့်တက်၊ စာမျက်နှာ-၁၂၊ ၆-၇-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။

[9] မနီလာရှိလူပေါင်း ၂၅၀၀၀၀၀ ကိုပိတ်ဆို့မှုအသစ်ပြုလုပ်၊ စာမျက်နှာ-၁၂၊ ၁၄-၇-၂၀၂၀ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှ ရရှိပါသည်။

**အာဆီယံနိုင်ငံများအနက် သေဆုံးမှုအများဆုံး (၂) နိုင်ငံ၏နေ့အလိုက် သေဆုံးမှုအရေအတွက်မြင့်မားလာမှုအခြေအနေ(၁၅-၆-၂၀၂၀ မှ ၁၅-၇-၂၀၂၀ ထိ)**

အာဆီယံနိုင်ငံများအနက် သေဆုံးမှုအများဆုံး (၂) နိုင်ငံ၏နေ့အလိုက် သေဆုံးမှုအရေအတွက် မြင့်မားလာမှုအခြေအနေကို Line Chart ဖြင့် တင်ပြထားပါသည်-

**အာဆီယံနိုင်ငံများအနက် သေဆုံးမှုအများဆုံး (၂) နိုင်ငံ၏နေ့အလိုက် သေဆုံးမှုအရေအတွက် မြင့်မားနေမှုအခြေအနေ**





Source: Ministry of Health and Sports (Myanmar)

ဖော်ပြပါ အချက်အလက်များအရ အင်ဒိုနီးရှားနိုင်ငံတွင် သေဆုံးမှုသည် သိသိသာသာမြင့်တက်လျက်ရှိပြီး ဖိလစ်ပိုင်နိုင်ငံတွင် ပုံမှန်မြင့်တက်ရာမှ ဇူလိုင်လ ၁၂ ရက်နေ့နောက်ပိုင်းတွင် သိသိသာသာမြင့်တက်လျက်ရှိပါသည်။

## မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံတို့၏ COVID-19 ဖြစ်ပွားမှု

ကပ်ရောဂါစတင်ဖြစ်ပွားချိန်မှ ၁၅-၇-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံ၏အိမ်နီးချင်းနိုင်ငံ (၃) နိုင်ငံတို့၏ COVID-19 ဖြစ်ပွားမှုအခြေအနေများကို Bar Chart ဖြင့်ဖော်ပြထားပါသည်-

**COVID-19 ရောဂါဖြစ်ပွားမှုနှင့်သေဆုံးမှု**




Source: World Health Organization, Coronavirus disease 2019 Situation Report– 177

အိန္ဒိယနိုင်ငံ ⟶ ကမ္ဘာ့ကူးစက်မှုအဆင့် = ၃
အာရှကူးစက်မှုအဆင့် = ၁

ဘင်္ဂလားဒေ့ရှ်နိုင်ငံ ⟶ ကမ္ဘာ့ကူးစက်မှုအဆင့် = ၁၇
အာရှကူးစက်မှုအဆင့် = ၆

တရုတ်နိုင်ငံ ⟶ ကမ္ဘာ့ကူးစက်မှုအဆင့် = ၂၃
အာရှကူးစက်မှုအဆင့် = ၈

မြန်မာနိုင်ငံတွင်

၂၅-၅-၂၀၂၀ ရက်နေ့မှ ၁၅-၇-၂၀၂၀ ရက်နေ့အထိ အိန္ဒိယပြန်ကိုဗစ်လူနာ = ၆၂ ဦး

၄-၆-၂၀၂၀ ရက်နေ့မှ ၁၅-၇-၂၀၂၀ ရက်နေ့အထိ ဘင်္ဂလားဒေ့ရှ်ပြန်ကိုဗစ်လူနာ = ၁၆ ဦး


၁၁-၄-၂၀၂၀ ရက်နေ့မှ ၁၅-၇-၂၀၂၀ ရက်နေ့အထိ တရုတ်ပြန်ကိုဗစ်လူနာ = ၄ ဦး[10]

---

[10] https://www.mohs.gov.mm/page/9914 မှ ရရှိပါသည်။

**မြန်မာနိုင်ငံတွင် နေ့အလိုက် COVID-19 ဖြစ်ပွားမှု (၁၅-၆-၂၀၂၀ မှ ၁၅-၇-၂၀၂၀ ထိ)**

၁၅-၆-၂၀၂၀ ရက်နေ့မှ ၁၅-၇-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံတွင် နေ့အလိုက် COVID-19 ဖြစ်ပွားမှုကို ဖော်ပြပါ Bar Chart ဖြင့် တင်ပြထားပါသည်-




Source: Ministry of Health and Sports (Myanmar), Department of Public Health, Central Epidemiology Unit

၁၅-၆-၂၀၂၀ ရက်နေ့မှ ၁၅-၇-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံတွင် နေ့အလိုက် COVID-19 ဖြစ်ပွားမှုကို လေ့လာကြည့်ပါက ၂၀၂၀ ပြည့်နှစ်၊ ဇွန်လ ၁၈ ရက်နေ့တွင် (၂၃) ဦးဖြင့် ရောဂါကူးစက်မှု အမြင့်ဆုံးဖြစ်ခဲ့သည်ကို တွေ့ရှိရပါသည်။

**မြန်မာနိုင်ငံတွင်း အုပ်စုအလိုက်ကူးစက်မှုများ (၂၃-၃-၂၀၂၀ မှ ၁၅-၇-၂၀၂၀ ထိ)**

၂၃-၃-၂၀၂၀ ရက်နေ့မှ ၁၅-၇-၂၀၂၀ ရက်နေ့အထိ မြန်မာနိုင်ငံတွင်း အုပ်စုလိုက်ကူးစက်မှုများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

| စဉ် | အုပ်စုလိုက်ကူးစက်မှု | လူဦးရေ |
|---|---|---|
| ၁။ | နိုင်ငံခြားပြန် | ၁၇၂ ဦး |
| ၂။ | နိုင်ငံခြားပြန်များမှ ဆင့်ပွားကူးစက်မှု | ၁၁ ဦး |
| ၃။ | ၈ မိုင်နှင့်အင်းစိန်အုပ်စု | ၇၂ ဦး |
| ၄။ | ပြင်သစ်ခရီးသွားအုပ်စု | ၁၁ ဦး |
| ၅။ | ပုဂ္ဂလိကကျန်းမာရေးစင်တာမှကူးစက်မှု | ၈ ဦး |
| ၆။ | ဒူဘိုင်းပြန်၏အမေ | ၁ ဦး |
| ၇။ | ခရီးသွားရာဇဝင်/ ပိုးရှိလူနာနှင့်ထိတွေ့မှုမရှိ | ၁၉ ဦး |
| ၈။ | ခရီးသွားရာဇဝင်/ ပိုးရှိလူနာနှင့်ထိတွေ့မှုမရှိသူများမှ ဆင့်ပွားကူးစက်မှု | ၂၉ ဦး |
| ၉။ | နိုင်ငံခြားသားများနှင့် ထိတွေ့မှုရှိသူ | ၁၄ ဦး |
| | **စုစုပေါင်းကူးစက်မှု** | **၃၃၇ ဦး** |

**Source: https://mohs.gov.mm/page/9575**

မြန်မာနိုင်ငံတွင် COVID-19 ကူးစက်မှုများကို ဆန်းစစ်ကြည့်ပါက ၅၁ ရာခိုင်နှုန်းသည် ပြည်ပမှ ကူးစက်ဝင်ရောက်ခြင်းဖြစ်ပါသည်။ လတ်တလောကာလတွင် တွေ့ရှိရသော လူနာသစ်များမှာလည်း ပြည်ပနိုင်ငံမှ ကူးစက်လာခဲ့ခြင်းဖြစ်ပါသည်။ ယနေ့အထိ ကိုဗစ်-၁၉ ဓာတ်ခွဲစစ်ဆေးသူစုစုပေါင်း ၉၆,၃၂၄ ဦးအားစစ်ဆေးခဲ့ရာတွင် စောင့်ကြည့်လူနာ ၀.၉ ရာခိုင်နှုန်း၊ အသွားအလာကန့်သတ်ထားရှိသူနှင့် ပိုးတွေ့လူနာဖြင့်နီးကပ်ထိတွေ့သူ ၀.၃ ရာခိုင်နှုန်းနှင့် စစ်ဆေးသူစုစုပေါင်း၏ ၀.၃၅ ရာခိုင်နှုန်းတွင်သာ ကိုဗစ်-၁၉ ပိုးတွေ့ရှိခဲ့ပါသည်။[11]

[11] COVID-19 ရောဂါဖြစ်ပွားမှုခြုံငုံသုံးသပ်မှုအခြေအနေ (၁၃-၇-၂၀၂၀ ရက်နေ့၊ ညနေ ၆ နာရီ) ၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ရရှိပါသည်။

**နိဂုံး**

ကိုရိုနာဗိုင်းရပ်စ်ရောဂါကူးစက်ပျံ့နှံ့မှုသည် ကမ္ဘာ့နိုင်ငံအသီးသီးတွင် နေ့စဉ်နှင့်အမျှ ပိုမိုဖြစ်ပွားလျက်ရှိသည်ကို တွေ့ရှိရပါသည်။ ကူးစက်မှုနှုန်းမြင့်တက်ခြင်းနှင့် ကမ္ဘာသူကမ္ဘာသားများ၏ လူမှုစီးပွားဘဝထိခိုက်နစ်နာမှုများ၊ ပျက်စီးဆုံးရှုံးမှုများဖြင့် ကြုံတွေ့ရလျက်ရှိပါသည်။ ထို့ကြောင့် ကူးစက်ပျံ့နှံ့ဖြစ်ပွားမှုအခြေအနေအရပ်ရပ်တို့အား ကမ္ဘာ့ကျန်းမာရေးအဖွဲ့နှင့် မြန်မာနိုင်ငံအပါအဝင် အဖွဲ့အစည်းများစွာတို့၏ စောင့်ကြည့်လေ့လာမှုတို့ကို စုစည်းတင်ပြထားခြင်းဖြစ်ပါသည်။ COVID-19 ရောဂါဖြစ်ပွားမှုအခြေအနေများကို ဆက်လက်ပြုစု၍ ရေးသားထုတ်ဝေသွားမည်ဖြစ်ပါသည်။

**သုတေသနဌာန**

**ပြည်သူ့လွှတ်တော်ရုံး**

**ဤစာတမ်းတိုအား ဒေါ်အေးအေးမူ (ဦးစီးအရာရှိ) နှင့် ဒေါ်မေဇင်အောင် (ဒု-ဦးစီးမှူး) တို့မှ တာဝန်ယူရေးသား၍ သုတေသနဌာနမှ အရာထမ်းအဆင့်ဆင့်က ပိုင်းဝန်းကြီးကြပ်တည်းဖြတ်၍ ထုတ်ဝေခြင်းဖြစ်ပါသည်။**

**သတိပြုရန်**

ဤသတင်းအချက်အလက်သည် လွှတ်တော်ကိုယ်စားလှယ်များအား ၎င်းတို့၏ လွှတ်တော်ဆိုင်ရာ တာဝန်များကို ဆောင်ရွက်ရာတွင် အထောက်အကူပြုရန်အတွက် ဖြစ်ပါသည်။ ပုဂ္ဂိုလ်ရေးဆိုင်ရာ ကိစ္စ တစ်စုံတစ်ခုအတွက် အသုံးပြုရန်မဟုတ်ပါ။ အချိန်နှင့်တပြေးညီ နောက်ဆုံးရသတင်းဖြစ်မည်ဟု သတ်မှတ် မထားသင့်ပါ။ ဤအချက်အလက်များအား တရားဝင် သို့မဟုတ် ပညာရှင်ဆိုင်ရာအကြံပေးချက်အဖြစ် မသတ်မှတ်သင့်ပါ။ အထူးအကြံပေးချက် သို့မဟုတ် သတင်းအချက်အလက်များလိုအပ်ပါက အရည် အသွေးပြည့်မီသော သင့်လျော်သည့် ကျွမ်းကျင်ပညာရှင်နှင့် ဆွေးနွေးတိုင်ပင်သင့်ပါသည်။ လွှတ်တော် သုတေသနဝန်ဆောင်မှုသည် စာတမ်းတိုများတွင် ပါဝင်သောအကြောင်းအရာများနှင့် စပ်လျဉ်း၍ လွှတ်တော် ကိုယ်စားလှယ်များ၊ လွှတ်တော်ဝန်ထမ်းများနှင့် ဆွေးနွေးမှုများ ပြုလုပ်ပေးနိုင်ပါသည်။ အများပြည်သူနှင့် ဆွေးနွေးမှုများ ပြုလုပ်ခြင်းမရှိပါ။

သုတေသနလုပ်ငန်းဆိုင်ရာ စုံစမ်းမေးမြန်းမှုများပြုလုပ်ရန်
(သို့မဟုတ်) သုတေသနဌာနအား လာရောက်လေ့လာရန်
အောက်ပါလိပ်စာအတိုင်း ဆက်သွယ်နိုင်ပါသည်။

သုတေသနဌာန
ပြည်သူ့လွှတ်တော် C ဆောင် - ဒုတိယထပ်
တယ်လီဖုန်း - ၀၆၇ - ၅၉၁၂၈၄၊ ၀၆၇ - ၅၉၁၂၈၅